နိုင်ငံခြားတစ်စစ်ကနယားကင်ရင်ဆောင်ဆောင်မေးခွန်းကာ

# ၂၀၁၉ ခုနှစ်
# တက္ကသိုလ်ဝင်စာမေးပွဲ
# မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**သမိုင်း** **ခွင့်ပြုချိန် (၃) နာရီ**

**သတိပြုရန်။** **။ အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမည်။**

## အပိုင်း (က)

၁။ (က) အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ **(၁၀မှတ်)**

(၁) အင်္ဂလိပ်တို့သည် ၁၈၇၈ တွင် -------- တက္ကသိုလ်လက်အောက်ခံ ရန်ကုန်ကောလိပ်ကို ဖွင့်လှစ်၍ ကောလိပ်ပညာရေးကို သင်ကြားပေးခဲ့ပြန်သည်။

(၂) မိတ္ထီလာရှိ -------- တပ်တို့ကိုလည်း ဗမာ့တပ်မတော် တပ်ရင်း ၅ က တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။

(၃) ပထမကျူးကျော်စစ်အပြီးတွင် -------- စာချုပ် (၁၈၂၆) အရ အင်္ဂလိပ်နယ်ချဲ့တို့ ရခိုင်နှင့် တနင်္သာရီကို သိမ်းပိုက်လိုက်သည်မှစ၍ အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်ရေး စတင်ခဲ့သည်။

(၄) ၁၉၄၆ တွင် လက်ကျန်ဖလင်များနှင့် မန္တလေးမြို့၌ -------- နှင့် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီများသည် အသံတိတ်ဇာတ်ကားများ ပြန်လည်ရိုက်ကူးသည်။

(၅) ၁၉၆၄ တွင် -------- လူရည်ချွန်စခန်းကို ပထမဆုံးအကြိမ် ဖွင့်လှစ်သည်။

(၆) ၁၈၇၃ တွင် ဘစ်စမတ်သည် ဂျာမနီ၊ ဩစတြီးယား၊ ရုရှတို့ပါဝင်သည့် -------- အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

(၇) ၁၉၀၈ တွင် ဘူဒီအူတိုမို ခေါ် -------- အသင်းကို ဖွဲ့စည်းခဲ့သည်။

(၈) ဗာဆိုင်းစာချုပ်သည် ငြိမ်းချမ်းရေးကို ကြာရှည်စွာ ထိန်းသိမ်းထားနိုင်စွမ်း မရှိသည့်အတွက် ၁၉၃၉ တွင် -------- ကမ္ဘာစစ်ဖြစ်ပေါ်ရန် အခြေအနေများဖန်တီးလာခဲ့သည်။

(၉) ပိုလန်မျိုးချစ်များသည် -------- မြို့တွင် အစိုးရဖွဲ့စည်းသည်။

(၁၀) စစ်ပြီးကာလတွင်--------ဦးဆောင်သောကွန်မြူနစ်အုပ်စု၏အင်အားသည်ကြီးထွားလာခဲ့သည်။

[တစ်ဖက်သို့

၁။ (ခ) အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) တို့အနက်မှ **အဖြေမှန်တစ်ခု** ကို အဖြေစာအုပ်တွင် ရေးပါ။ (၁၀ မှတ်)

(၁) ၁၉၃၈ နိုဝင်ဘာ ၃၀ တွင် -------- ခေါင်းဆောင်၍ ရေနံမြေအလုပ်သမား နှစ်ထောင်ခန့်ပါဝင်သည့် ရေနံတပ်ကြီးသည် ရေနံမြေမှ ထွက်ခွာလာခဲ့သည်။
(က) အာဠာဝက သခင်ဖိုးလှကြီး (ခ) ကိုဗဆွေ (ဂ) ကိုဗဟိန်း

(၂) ဂျပန်တို့ မြန်မာနိုင်ငံကို ၁၉၄၂ တွင် ဝင်ရောက်သိမ်းပိုက်လိုက်သောအခါ မြန်မာနိုင်ငံအစိုးရနှင့် အင်္ဂလိပ်တပ်များသည် -------- သို့ ဆုတ်ခွာခဲ့ရသည်။
(က) ထိုင်းနိုင်ငံ (ခ) အိန္ဒိယနိုင်ငံ (ဂ) တရုတ်နိုင်ငံ

(၃) ၁၈၆၄ တွင် ဝန်ရှင်တော်မင်းကြီး -------- က ပညာရေးစနစ်ကိုချမှတ်ပြီး အကောင်အထည်ဖော်သည်။
(က) ဆာအာသာဖယ်ယာ (ခ) ဆာဂျွန်ဂျာဒင်း (ဂ) ကရက်ဒေါက်

(၄) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို -------- ဇူလိုင်လ တွင် တည်ထောင်သည်။
(က) ၁၉၆၂ (ခ) ၁၉၆၃ (ဂ) ၁၉၆၄

(၅) ၁၉၆၄ တွင် -------- စီးပွားရေးစနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှကာကွယ်သည့် ဥပဒေကို ပြဋ္ဌာန်းသည်။
(က) အရင်းရှင် (ခ) ဆိုရှယ်လစ် (ဂ) ဈေးကွက်

(၆) မားတော့ နှင့် -------- တို့က စည်းကမ်းမတင်းကျပ်သော လူများစုပါဝင်နိုင်သည့် ပါတီပုံစံမျိုးကိုလိုလားပြီး ဘူရွာတော်လှန်ရေး ကို လုပ်ဆောင်ရန် ရည်ရွယ်သည်။
(က) ဒရော့စကီး (ခ) လီနင် (ဂ) စတာလင်

(၇) ခိတအစ်ကိသည် ငယ်စဉ်က -------- ဝါဒကို စိတ်ဝင်စားခဲ့သည်။
(က) အရင်းရှင် (ခ) ဆိုရှယ်လစ် (ဂ) ဖက်ဆစ်

(၈) မန်ချူးရီးယားအရေးအခင်းကြောင့် -------- အသင်းကြီး ဂုဏ်သိက္ခာကျဆင်းခဲ့ရသည်။
(က) နိုင်ငံပေါင်းချုပ် (ခ) ကမ္ဘာ့ကုလသမဂ္ဂ (ဂ) အာဆီယံ

(၉) ယူဂိုဆလားဗီးယားနိုင်ငံသည် -------- နိုင်ငံခေါင်းဆောင်သည့် ဝါဆောစစ်အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်ခဲ့ခြင်းမရှိပေ။
(က) ဆိုဗီယက် (ခ) ဂျာမနီ (ဂ) အမေရိကန်

(၁၀) လာအိုနိုင်ငံသည် ၁၉၅၄ -------- ၏ ဆုံးဖြတ်ချက်အရ လွတ်လပ်သည့်နိုင်ငံဖြစ်ခဲ့ရသည်။
(က) ဂျီနီဗာကွန်ဖရင့် (ခ) ယော်လတာကွန်ဖရင့် (ဂ) ပဲရစ်ကွန်ဖရင့်

## အပိုင်း (ခ)

၂။ အောက်ပါတို့အနက်မှ **လေးပုဒ်** ကို မှတ်စုတိုရေးပါ။ (၂၀ မှတ်)

(က) မြန်မာအမျိုးသမီး နေရှင်နယ်ကောင်စီ (၅) မှတ်

(ခ) စစ်ပြီးခေတ်စာပေလှုပ်ငန်း (၅) မှတ်

(ဂ) ဖဆပလခေတ်ဘာသာရေးဆောင်ရွက်ချက် (၅) မှတ်

(ဃ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက် လေကြောင်းနှင့်ရေကြောင်းပို့ဆောင်ရေးကဏ္ဍ (၅) မှတ်

(င) အားသစ်လောင်းလှုပ်ရှားမှု (၅) မှတ်

(စ) ဖက်ဆစ်စနစ်ပေါ်ပေါက်လာခြင်း (၅) မှတ်

(ဆ) ဥရောပစီးပွားရေးအဖွဲ့ (သို့မဟုတ်) ဘုံဈေး (၅) မှတ်

(ဇ) အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း) (၅) မှတ်

## အပိုင်း (ဂ)

၃။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်** ကို ဖြေဆိုပါ။ (၃၀ မှတ်)

(၁) တတိယကျူးကျော်စစ်အပြီး ကိုလိုနီဘဝကျရောက်ခဲ့ရသော တိုင်းရင်းသားတို့ ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့အင်္ဂလိပ်တို့အား တော်လှန်ခဲ့ပုံကိုသုံးသပ်တင်ပြပါ။ (၁၅) မှတ်

(၂) ဘီအိုင်အေ ပေါ်ပေါက်လာပုံနှင့် အင်္ဂလိပ်တို့ကို အောင်မြင်စွာတိုက်ထုတ်နိုင်ခဲ့ပုံကို ဆွေးနွေးတင်ပြပါ။ (၁၅) မှတ်

(၃) ကိုလိုနီခေတ်စီးပွားရေးမှာအင်္ဂလိပ်နယ်ချဲ့တို့ယူဆောင်လာသောအရင်းရှင်စီးပွားရေး သာဖြစ်ကြောင်း ရှင်းလင်းဖြေဆိုပါ။ (၁၅) မှတ်

(၄) အိမ်စောင့်အစိုးရ (၁၉၅၈–၁၉၆၀)၏ ဆောင်ရွက်ချက်များကိုဝေဖန်သုံးသပ်ပါ။ (၁၅) မှတ်

[တစ်ဖက်သို့

## အပိုင်း (ဃ)

၄။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်ကို** ဖြေဆိုပါ။ **(၃၀ မှတ်)**

(၁) ပထမကမ္ဘာစစ်အပြီး ကျင်းပခဲ့သော ပါရီငြိမ်းချမ်းရေးညီလာခံသည် စစ်နိုင် မဟာမိတ်နိုင်ငံများမှ ကိုယ်စားလှယ်များသာ တက်ရောက်သည့် ညီလာခံ ဖြစ်ကြောင်း ဆွေးနွေးပါ။ (၁၅) မှတ်

(၂) ၁၉၁၁ ဘူဇွာတော်လှန်ရေးသည် တရုတ်အမျိုးသားလှုပ်ရှားမှု၏ ပထမအဆင့် ဖြစ်သည် ဟူသောအဆိုကို ရှင်းလင်းတင်ပြပါ။ (၁၅) မှတ်

(၃) ဒုတိယကမ္ဘာစစ်ကြီးကာလ အရင်းရှင်နိုင်ငံအချင်းချင်း ပဋိပက္ခဖြစ်ပွားကြပုံကို လေ့လာဆန်းစစ်ပါ။ (၁၅) မှတ်

(၄) စစ်အေးကာလ နိုင်ငံတကာအရေးအခင်းများအနက် ကိုရီးယားပြဿနာကို သုံးသပ်တင်ပြပါ။ (၁၅) မှတ်

---